ကျူဘာကူလင် အရေပြား စစ်ဆေးမှု

အသွင်ပြောင်းဖြန့်ချိမှု ၂- ဇူလိုင် ၂၀၁၃ ခုနှစ်

Burmese

အဆုတ်ရောဂါ TB ဆိုသည်မှာ ဘာလဲ။

အဆုတ်ရောဂါ သို့မဟုတ် TB သည်ဘက်တီးရီးယားကူးစက်မှုတစ်ခုဖြစ်ပြီး ၄င်းသည်ကိုယ်ခန္ဓာ၏မည်သည့်အစိတ်အပိုင်းကိုမဆို ရောဂါစွဲကပ်နိုင်သည်။ အဆုတ်ရောဂါ TB သည်အဆုတ်များတွင် အဖြစ်အများဆုံးဖြစ်ပါသည်၊ အဆုတ်ရောဂါ ဟုခေါ်သည်။

ပိုမိုသိရှိလိုသော သတင်းအချက်အလက်အတွက် ကွန်ရက် www.health.qld.gov.au/chrisp/tuberculosis/factsheets.asp ရှိ အချက်အလက် စာရွက် 1 ကိုကျေးဇူးပြု၍ ကြည့်ရှုပါ။

အဆုတ်ရောဂါ TB ကိုမည်ကဲ့သို့ တွေ့ရှိပါသနည်း။

ကျူဘာကူလင်အရေပြားစစ်ဆေးမှု (မင်းတူးစ်စစ်ဆေးမှုဟုလည်းအသိများသည်) သည်အဆုတ်ရောဂါ TB ကိုရောဂါရှာဖွေဖော်ထုတ်ရန် အသုံးပြုသော စစ်ဆေးမှုများအနက်မှ တစ်ခုဖြစ်ပါသည်။ ကျူဘာကူလင်အရေပြားစစ်ဆေးမှုအားအဓိကအသုံးပြုခြင်းသည် TB ဘက်တီးရီးယားပိုးဖြင့်ကူးစက်ခံရသည့်သူကို ဖော်ထုတ်ရန်ဖြစ်သည်၊ သို့သော် ၄င်းသူတွင် ရှင်သန်ထကြွနေသည့်ရောဂါမရှိပါ။ မြဲနေသည့် အဆုတ်ရောဂါ TB ကူးစက်မှုဟုခေါ်ပါသည်။ မြဲနေသော အဆုတ်ရောဂါ TB ကူးစက်မှုရှိသောလူတိုင်းသည် ရှင်သန်ထကြွသည့်ရောဂါဖြစ်လာလိမ့်မည် မဟုတ်ပါ။ တစ်ခါတစ်ရံတွင် ကူးစက်မှုနှင့်ထိတွေ့မှုအား ဆုံးဖြတ်ရန်အတွက် အမျိုးမျိုးသော အချိန်ပိုင်း၌ စစ်ဆေးမှုကိုထပ်မံလုပ်ရန်လိုအပ်ပါသည်။ Brisbane, Rockhampton, Toowoomba, Townsville နှင့် Cairns တို့တွင်ရှိသော အဆုတ်ရောဂါ ထိန်းချုပ်ဌာနများတွင် စစ်ဆေးမှုမှာ အခမဲ့ဖြစ်ပါသည်။

အဆုတ်ရောဂါ ရှိသူနှင့်ထိတွေ့သူများအတွက် ရင်ဘတ်ဓါတ်မှန်သည် အရေးကြီးပြီး အဆုတ်ရောဂါ TB ကိုကူညီ၍အဖြေရှာပေးသည်။ ရှင်သန်ထကြွနေသည့် အဆုတ်ရောဂါ TB ရှိသူနှင့် နီးနီးကပ်ကပ်အထိအတွေ့ရှိသောသူများသည် အမျိုးမျိုးအချိန်ကာလများတွင် နောက်ဆက်တွဲ ရင်ဘတ် ဓါတ်မှန်ရိုက်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ဓါတ်မှန်အဖြေက မရှင်းလင်းလျှင် ၊ တစ်ဦးတစ်ယောက်၌ ရှင်သန်ထကြွနေသည့် ရောဂါရှိ မရှိသေချာစေရန် သွေး သို့မဟုတ် သလိပ်စစ်ဆေးမှုများ ကိုလုပ်ရန်လိုအပ်နိုင်ပါသည်။

ကျူဘာကူလင် အရေပြားစစ်ဆေးမှု (မင်တူးစ်စစ်ဆေးမှု)

ဤစစ်ဆေးမှုကို အောက်ပါကိစ္စများအတွက် အသုံးပြုသည် -

- အဆုတ်ရောဂါ ရှိသူနှင့်ထိတွေ့ခဲ့သော သူတွင်မြဲနေသည့် အဆုတ်ရောဂါ TB ကိုရှာဖွေရန်
- ဘီစီဂျီ ကာကွယ်ဆေး မထိုးမီ
- ရှင်သန်ထကြွနေသည့် အဆုတ်ရောဂါ TB ကိုရှာတွေ့ရန် အထောက်အကူအဖြစ်

ထို့ကြောင့် ကျူဘာကူလင်အရေပြားစစ်ဆေးမှုကို အောက်ပါလူများအား စစ်ဆေးနိုင်ပါသည် -

- အဆုတ်ရောဂါရှိကြောင်း ရောဂါဖော်ထုတ်ခံရသူနှင့် ထိတွေ့ခဲ့နိုင်ဖွယ်ရှိသူ
- အဆုတ်ရောဂါ TB အန္တရာယ်အလားအလာ မြင့်မားစွာရှိသော အုပ်စုများမှ လူများ
- အဆုတ်ရောဂါ အဖြစ်များသောနိုင်ငံများမှ ကူးပြောင်းလာသည့်လူများ
- အလုပ်ခွင်တွင် အန္တရာယ်အလားအလာရှိသောလူများ ၊ ကျန်းမာရေးအတတ်ပညာရှင်များကဲ့သို့သောလူများဖြစ်သည်။
- အဆုတ်ရောဂါ အဖြစ်များသောနိုင်ငံသို့ ခရီးသွားသည့်လူများ
- အဆုတ်ရောဂါ TB အန္တရာယ်အလားအလာ မြင့်မားစွာရှိသော နိုင်ငံ/နိုင်ငံများ သို့အသင့်တင့်သောအခေါက်အရေအတွက် ခရီးသွား ရလိမ့်မည့်လူများ
- အဆုတ်ရောဂါ TB အန္တရာယ်အလားအလာ မြင့်မားစွာရှိသော နိုင်ငံသို့ အသင့်တင့်သောအခေါက်ရေအတွက် ခရီးသွားခဲ့သောလူများ Queensland သို့ပြန်လည်ရောက်ရှိပြီးနောက် 12 ပတ်အတွင်း ကျူဘာကူလင်အရေပြားစစ်ဆေးမှုကိုပြုလုပ်ရန် အတွက်ရက်ချိန်းလုပ်ရန် ထိုသူများအား တောင်းဆိုပါသည်။

ကျူဘာကူလင်သည် TB ပိုးမှုထုတ်ထားသည့် သန့်စင်ထားသော ပရိုတင်းဓါတ်တစ်မျိုးဖြစ်သည် (သို့သော်လည်း ရှင်သန်ထကြွနေသော TB ပိုးများ မပါဝင်ပါ)။

ကျူဘာကူလင်အရေပြားစစ်ဆေးမှုကို တစ်ခါသုံး ဆေးထိုးအပ်နှင့်ဖန်ပြွန်အသစ်ဖြင့် ထိုးပေးပါသည်။ ကျူဘာကူလင် အနည်းငယ်ခန့်ကို ဘယ်ဘက်လက်ဖျံ အပေါ်ယံအရေပြားအတွင်း ဆေးထိုးသွင်းရသည်။

သေးငယ်သော ဖောင်းကြွရေအိတ်လေးဖြစ်လာမည် သို့သော်လည်း သာမန်အားဖြင့် ၄င်းသည် ပထမမိနစ် 30 အတွင်း ပျောက်ကွယ်သွားပါလိမ့်မည်။ ရံဖန်ရံခါအားဖြင့် အပ်ထိုးရာနေရာတွင် အနည်းငယ် သွေးစို့နေပြီး သူနာပြုသည် ဂွမ်းစဖြင့်ဖိုးအုပ်ပေးပါသည်။ ၄င်းဂွမ်းစကို 10 မိနစ်ကြာပြီးနောက် ဖယ်ရှားပြီး စွန့်ပစ်နိုင်ပါသည်။

အပ်ထိုးရာနေရာပေါ်တွင် အရေပြားလိမ်းဆေး လိမ်းရန် သို့မဟုတ် ပလာစတာ ကပ်ရန် မလိုအပ်ပါ ၊ အပ်ထိုးရာကို ကုတ်ခြစ်ခြင်းမှ ရှောင်ကြဉ်ပါ။ ယားယံမှုကိုသက်သာစေရန် ရေခဲ သို့မဟုတ် အေးသောအရာတစ်ခုခု ဖြင့်ဖုံးဖိပေးနိုင်သည်။

တစ်ကိုယ်ရေ သန့်ရှင်းမှုကိစ္စကို ပုံမှန်အတိုင်း ဆောင်ရွက်ပါ။

စစ်ဆေးမှုကိုခံယူပြီးနောက် အရေပြားအဖု သို့မဟုတ် အသက်ရှူကျပ်ခြင်း အပါအဝင် မည်သည့်ပြဿနာများကိုမဆို ဆေးထိုးပေးသည့် သင့်ဆရာဝန် သို့မဟုတ် သူနာပြုအား သင်သတင်းပို့သင့်သည်။

အောက်ဖော်ပြပါ မေးခွန်းများ တစ်ခုခုကို "ဟုတ်သည်" ဟုဖြေလျှင် သို့မဟုတ် သင် မသေချာလျှင် ၊ သင့်ကျူဘာကူလင်စစ်ဆေးမှု အတွက် သဘောတူညီချက် မပေးခဲ့ ကျေးဇူးပြု၍ သူနာပြုနှင့် ဆွေးနွေးပါ။

- ❒ သင်လက်ရှိတွင် အဆုတ်ရောဂါ အတွက်ကုသမှုကိုခံယူနေပါသလား။
- ❒ သင် အဆုတ်ရောဂါ ရှိခဲ့ဘူးပါသလား။
- ❒ သင် ယခင်က ကျူဘာကူလင်အရေပြား စစ်ဆေးမှု (မင်းတူးစ်) ကိုစစ်ဆေးခဲ့ပါသလား။ ဘယ်နေရာမှာလဲ။ ဘယ်တုံးကလဲ။ အဖြေက ဘာဖြစ်ခဲ့သလဲ။
- ❒ ပြီးခဲ့သည့်အပတ်က သင့်တွင် ဗိုင်းရပ်စ်ဆိုင်ရာ နာမကျန်းမှုတစ်ခု ဖြစ်ခဲ့ပါသလား။
- ❒ ပြီးခဲ့သည့် 4 ပတ်အတွင်းက ဗိုင်းရတ်စ်ပိုးအရှင်ပါသည့် ကာကွယ်ဆေး တစ်ခုခုကို ထိုးခဲ့ပါသလား။ ၄င်းတို့တွင်ပါဝင်သည်မှာ ဝက်သက်၊ ပသိရောင်နှင့် ရှူဘဲလား (MMR) ၊ ရဲလိုးဖီဗာ ဟုခေါ်သောခြင်းကိုက်ရာမှဖြစ်သည့်အဖျားတစ်မျိုး ၊ ရေကျောက်၊ အူရောင်ငန်းဖျား ဆေးပြားများ နှင့် Sabin တို့ပါဝင် ပါသည်။
- ❒ သင် လက်ရှိတွင် ဘက်တီးရီးယားပိုးသတ်ဆေး ကိုသောက်နေရပါသလား။
- ❒ သင့်တွင် HIV, lymphoma, or Hodgkin ရောဂါများကဲ့သို့သော ကိုယ်ခံအားကိုနိမ့်ချသည့် နာမကျန်းမှုတစ်ခုခု ရှိပါသလား။
- ❒ သင်သည် prednisone သို့မဟုတ် cortisone ကဲ့သို့သော စတီးရွိုက် ဆေးဝါးများ စားဆေး သို့မဟုတ် ထိုးဆေး တစ်ခုခုကို သုံးနေ ရပါသလား။
- ❒ သင်သည် ဓါတ်ရောင်ခြည် သို့မဟုတ် ကင်ဆာတွန်းလုန်သည့် ကုသမှုကဲ့သို့သော ကိုယ်ခံအားကိုနိမ့်ချသည့်ကုသမှုကို ခံယူနေပါသလား။
- ❒ သင့်တွင် အဆုတ်၊ အသည်းတို့တွင် အဖုကလေးများပေါက်သည့် (sarcoidosis) ရောဂါ ရှိပါသလား။
- ❒ သင့်တွင် မတည့်မှုတစ်ခုခု ရှိပါသလား။

စစ်ဆေးမှုကို စစ်ပြီးသည့်အခါ နောက်ထပ်ဘာဖြစ်မည်နည်း။

ဆေးထိုးပြီးနောက် ခန့်မှန်းခြေ 10 မိနှစ်အကြာတွင် ဂွမ်းစကိုဖယ်ရှားပြီးနောက် အပ်ထိုးရာနေရာအား သာမန်အားဖြင့် ဖုံးအုပ်ထားရန် မည်သည့် အကြောင်းရင်းမျှ မရှိပါ။ အကယ်၍ ဖုံးအုပ်ထားရန် လိုအပ်မည်ဖြစ်သည့် အကြောင်းတစ်ခုခုရှိလျှင် ပေါ့ပါးသောအနာဖုံးပိတ်စ ကိုသုံးပါ၊ ပလာစတာ သို့မဟုတ် အရေပြားလိမ်းဆေးများ ကိုမသုံးပါနှင့်။

ဆေးထိုးအပ်ထိုးရာနေရာတွင် နီရဲနေကြောင်း သင်တွေ့နိုင်သည်။ တစ်ခါတစ်ရံတွင် ၄င်းတွင် အနည်းငယ် ရေရူပေါင်းဖြစ်နေနိုင်ပြီး အနည်းငယ်နာနေနိုင်သည် သို့မဟုတ် မတည့်မှု လုံးဝရှိနေနိုင်မည်မဟုတ်ပါ။

ဆေးထိုးအပ်ထိုးသည့်နေရာအား ကြည့်ရှုစစ်ဆေးရန်အတွက် နှစ်ရက် မှ သုံးရက်အတွင်း (အနည်းဆုံး 48 နာရီ) သင် ပြန်လာရန်လိုအပ်လိမ့်မည်။

အဖြေများနှင့် နောက်ဆက်တွဲဆောင်ရွက်မှုများ

သူနာပြုသည် သင့်အဖြေကို သင့်အားပေးလိမ့်မည်ဖြစ်ပြီး သင့်မှတ်တမ်းများအတွက် စာရွက်မှတ်တမ်းကို သင့်အားပေးလိမ့်မည်။

စစ်ဆေးမှုအဖြေအပေါ် အခြေပြုယ်ဖွင့်ဆိုရာ၌ သင်သည် အဆုတ်ရောဂါ TB ရှိသူတစ်ဦးဦးနှင့် အထိအတွေ့ရှိခဲ့ကြောင်း ၊ သင့်တွင်ယခင်က ဘီစီဂျီ ကာကွယ်ဆေးထိုးခဲ့ကြောင်း ၊ သင့်အသက်အရွယ်နှင့် သင့်ဆေးဖက်ဆိုင်ရာသမိုင်းကြောင်း တို့ကိုသင်သိရှိသည် မသိရှိသည် အပါအဝင်ဖြစ်သော အချက်များ အပေါ်မူတည်ပါလိမ့်မည်။

အကယ်၍သင့် ကျူဘာကူလင် အရေပြားစစ်ဆေးမှု သည် ရောဂါမရှိကြောင်းဖော်ပြလျှင် အောက်ဖော်ပြပါတစ်ခုခုကိုလုပ်ရန် သင့်အားအသိပေးနိုင်သည် -

- စစ်ဆေးမှုကို 1-2 ပတ်တွင် ထပ်မံပြုလုပ်ရန်
- အကယ်၍ရည်ညွှန်းမှုသာလျှင် ဘီစီဂျီ ကာကွယ်ဆေးကို ထိုးရန်
- နောက်ဆက်တွဲဆောင်ရွက်ချက် ဘာမျှမလုပ်ရန် တို့ဖြစ်သည်။

အကယ်၍သင့်ဆေးထိုးအပ်ထိုးရာနေရာတွင် မတည့်မှုပြသလျှင် သင့်အားအောက်ပါတစ်ခုခုကို အကြံပြုနိုင်ပါသည် -

- နောက်ထပ် နောက်ဆက်တွဲဆောင်ရွက်ရန် မလိုအပ်ကြောင်း
- နောက်ထပ် ကျူဘာကူလင် စစ်ဆေးမှုများကို ရှောင်ရှားရန်
- အဆုတ်ရောဂါ ထိန်းချုပ်ဌာနရှိ ကျန်းမာရေးအရာရှိ သို့မဟုတ် အကယ်၍ ကြိုက်နစ်သက်လျှင် သင့်ဒေသခံ ဆရာဝန် နှင့်ဆွေးနွေးပါ။

အကယ်၍သင်သည် အဆုတ်ရောဂါ ရှိသူတစ်ဦးဦးနှင့် ထိတွေ့ခဲ့လျှင် နောက်ပိုင်းရက်တစ်ရက်တွင် "အထိအတွေ့အဆက်ပြတ်" အဖြစ်အသိများသော နောက်ထပ် ကျူဘာကူလင် စစ်ဆေးမှုကို လုပ်ရန်သင့်အားတောင်းဆိုနိုင်ပါသည်။ အကယ်၍ ဆေးထိုးအပ်ထိုးရာနေရာတွင် မတည့်မှုအရွယ်အစားမှာ ပထမစစ်ဆေးမှုထက် ကြီးလာခြင်းရှိမရှိ စစ်ဆေးရန် ဤစစ်ဆေးမှုကိုဆောင်ရွက်ပါသည်။

ထပ်ဆင့် အချက်အလက်များ

တည်နေရာ	တယ်လီဖုန်း	တည်နေရာ	တယ်လီဖုန်း
Metro South Clinical TB Service Princess Alexandra Hospital (Brisbane)	3176 4141	*Cairns TB Control Unit Cairns Base Hospital*	4226 6240
Rockhampton TB Control Unit Rockhampton Base Hospital	4920 6211	*Townsville TB Control Unit Townsville General Hospital*	4433 2860
Toowoomba TB Control Unit Toowoomba Hospital	4616 6446		

Tuberculin Skin Test

Version 2 – April 2013

What is TB?

Tuberculosis, or TB, is a bacterial infection that can affect almost any part of the body. TB is most common in the lungs, a form called pulmonary TB.

For more information, please see Fact Sheet 1 at www.health.qld.gov.au/chrisp/tuberculosis/factsheets.asp

How is TB discovered?

The tuberculin skin test (also known as the Mantoux test) is one of the tests used to diagnose TB. The main use of the tuberculin test is to identify people infected with TB bacteria, but who do not have active disease. This is called latent TB infection. Not everyone with latent TB infection will develop active disease. Sometimes repeating the test at intervals is needed to determine exposure to infection. The test is free of charge through Tuberculosis Control Units in Brisbane, Rockhampton, Toowoomba, Townsville and Cairns.

A chest x-ray is important for people who come into contact with a person with tuberculosis, and helps rule out the presence of TB. Follow-up chest x-rays may be needed at intervals following close contact with a person with active TB. If the x-ray result is not clear, blood or sputum tests may be needed to determine for certain whether someone has active disease.

The tuberculin test (Mantoux test)

This test is used:

- to detect latent TB infection in a person who may have been exposed to someone with tuberculosis
- prior to BCG vaccination
- as an aid to detect active TB disease.

Therefore, the tuberculin test may be given to people who:

- may have been in contact with a person diagnosed with tuberculosis
- are from high TB risk groups
- have migrated from countries where tuberculosis is common
- are at risk at work, such as healthcare professionals
- are travelling to a country where tuberculosis is common
- will be travelling for a considerable amount of time to a high TB risk country/countries
- have travelled for a considerable time to a high TB risk country. Such people are requested to book in for a tuberculin test 12 weeks after returning to Queensland.

Tuberculin is a purified protein derived from the TB germ (but contains no active TB germs).

The tuberculin test is given with a new, disposable needle and syringe. A small amount of tuberculin is injected into the top layer of the skin inside the left forearm.

A small blister appears, but will usually disappear within the first 30 minutes. Occasionally, the site may bleed a little and the nurse may cover it with a cotton wool swab. This can be removed after 10 minutes and discarded.

Do not apply creams or band-aids to the site and avoid scratching the site. To relieve an itchy reaction, apply ice or something cold.

Attend to personal hygiene as normal.

You should report to your doctor or the nurse who gave the injection any problems, including rash or shortness of breath that you encounter after receiving the test.

If you answer 'yes' to any of the following questions, or if you are unsure, please discuss with the nurse before you give consent for your tuberculin test.

- ❒ Are you currently being treated for tuberculosis?
- ❒ Have you ever had tuberculosis?
- ❒ Have you had a previous tuberculin (Mantoux) test? Where? When? What was the result?
- ❒ Have you had a viral illness in the last week?
- ❒ Have you received any live viral vaccines within the last four weeks? These include measles, mumps and rubella (MMR); yellow fever; chickenpox; typhoid tablets; and Sabin.
- ❒ Are you currently taking antibiotics?
- ❒ Do you have any immune-suppressing illness, such as HIV, lymphoma, or Hodgkin disease?
- ❒ Are you taking any oral or injectable steroid medications, such as prednisone or cortisone?
- ❒ Are you receiving immune-suppressing treatment, such as radium or anti-cancer therapy?
- ❒ Do you have sarcoidosis?
- ❒ Do you have any allergies?

After the test has been given, what next?

After removing the cotton wool approximately 10 minutes after the injection has been given, there should not usually be any reason to cover the site. If for any reason a cover is deemed necessary, use light gauze; do not use band-aids or creams.

You may see a reddened area at the site of the injection. Sometimes it may be slightly blistered and you may experience some pain, or there may be no reaction at all.

You will need to return in two to three days (minimum of 48 hours) for the injection site to be examined.

Results and follow-up

The nurse will advise you of your result and give you documentation for your records.

Interpretation of the test result will depend on a number of factors, including whether you are known to have been in contact with somebody who has TB, whether you have previously had a BCG vaccine, your age and your medical history.

If your tuberculin test is negative, you may be advised to either:

- have a repeat test in 1–2 weeks
- have a BCG vaccination only if indicated
- have no further follow-up.

If your injection site shows a reaction, you may be advised either:

- that no further follow-up is needed
- to avoid further tuberculin tests
- to consult with a medical officer at a Tuberculosis Control Unit, or your local doctor if preferred.

If you have been in contact with someone with tuberculosis, you may be requested to have a further tuberculin test known as 'break of contact' at a later date. This test is done to check if there is any increase in the size of the test reaction from the first test.

Further information

Location	Telephone	Location	Telephone
Metro South Clinical TB Service Princess Alexandra Hospital (*Brisbane*)	3176 4141	*Cairns* TB Control Unit Cairns Base Hospital	4226 6240
Rockhampton TB Control Unit Rockhampton Base Hospital	4920 6211	*Townsville* TB Control Unit Townsville General Hospital	4433 2860
Toowoomba TB Control Unit Toowoomba Hospital	4616 6446		